# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 5 , 2023 Volume 70, Number 3


၅.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၅ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် နေ့၊ (၀၉:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများနှင့် စီးပွားရေးရာကော်မတီအစည်းအဝေးတို့တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအနက် မိမိဝန်ကြီးဌာနမှ လိုက်ပါအကောင်အထည်ဖော်ရမည့် အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးဌာန၏မျှော်မှန်းချက်များ ဆက်လက်အကောင်အထည်ဖော်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ (MSME) ၏ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးရေး၊ မြန်မာ့ထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်ပြီး အရေအတွက်တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်တစ်ခုတည်းကိုမှီခိုမနေဘဲ ပြည်ပဈေးကွက်သစ်များရအောင် ကြိုးစားသွားရေး၊ ကုန်သွယ်ဖက်နိုင်ငံများနှင့်ကုန်သွယ်ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်သွားရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်တက်ရန် ကြိုးစားဆောင်ရွက်သွားရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးညွန့်အောင်က ဝန်ကြီးဌာန၏ဖွဲ့စည်းမှု၊ ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးမှု အခြေအနေများ၊ ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သင့်သည့်အချက်များနှင့် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများအား မှာကြားခဲ့ပါသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှဝန်ကြီးဌာန၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များအား ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပါသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ အရာထမ်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့၊ (၀၉:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ ညီလာခံခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြသည်။

ဆက်လက်၍ အွန်လိုင်းမှရောင်းချသူများ (Online Sales) မှတ်ပုံတင်လုပ်ငန်းများ လက်ခံဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား တာဝန်ခံအရာထမ်းမှ ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အရာရှိသင်တန်းအမှတ်စဉ် (၁၃)နှင့် အမှတ်စဉ် (၁၄) တို့တွင် ပထမဆုရရှိခဲ့ကြသည့် ညွှန်ကြားရေးမှူး (၂) ဦးနှင့် အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ် (၁၁) တွင် စံပြဆုရရှိခဲ့သော ဦးစီးအရာရှိ (၁) ဦးတို့အား ပြည်ထောင်စုဝန်ကြီးမှ ဆုများချီးမြှင့်ခဲ့ပါသည်။

ထို့နောက်ဌာနများ၏ တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယဝန်ကြီးက တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းပပျောက်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုချင်းအလိုက် စိစစ်ဆောင်ရွက်ရမည့်အချက်များ၊ ကုန်ဈေးနှုန်းများ အထူးသဖြင့် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီဈေးနှုန်းများကျဆင်းရေးနှင့် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေး ဦးတည်ချက်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး အလေးအနက်ထား ဆောင်ရွက်သွားကြရန်ကိစ္စများကို မှာကြားခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဌာနများအနေဖြင့် အခြေခံကျကျသုံးသပ်ပြီး စီမံကိန်း လျာထားချက်များပြည့်မီအောင်၊ ယင်းမှတစ်ဆင့် ကျော်လွန်အောင်ကြိုးစားဆောင်ရွက်သွားရန်၊ မိမိတာဝန်ကျရာ နယ်မြေဒေသ၊ ခရိုင်၊ တိုင်းအလိုက် ပို့ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကူညီပံ့ပိုးပေးသွားရန်၊ Digitalized Ministry ဖြစ်လာစေရေးအတွက် ဝန်ထမ်းများ အားလုံးမှ စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်နှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ဒုတိယနေ့အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ အရာထမ်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## မြန်မာ-ထိုင်း မြဝတီနယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်မှုများ

ကရင်ပြည်နယ်နေရာအနှံ့ မိုးကြီးခဲ့မှုကြောင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် မြဝတီမြို့နှင့် ကော့ကရိတ်မြို့အကြားရှိ ဒေါနတောင်၊ တောနော်ရေတံခွန် အနီးဝန်းကျင်တစ်ဝိုက်တွင် လမ်းပိုင်းတစ်ခု ပြတ်တောက်သွားခြင်း၊ နေရာနှစ်ခုတွင် တောင်ပြိုကျခြင်းများဖြစ်ပေါ်၍ ယာဉ်များသွားလာမရနိုင်တော့ပဲ ကုန်သွယ်မှုလမ်းကြောင်းများ ပြတ်တောက်သွားခဲ့ပါသည်။

ကရင်ပြည်နယ်အစိုးရ၏ကြိုးကြပ်မှု၊ လမ်းဦးစီးဌာန၏ အားသွန်ခွန်စိုက်ဆောင်ရွက်မှုများကြောင့် လမ်းပိုင်းပြတ်တောက်သည့်နေရာတွင် ဘေလီတံတားဆောက်လုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ယာဉ်ငယ်များ ဖြတ်သန်းခွင့်ပြုခဲ့ပြီး ပို့ကုန်သွင်းကုန်ယာဉ်ကြီးများကိုပါ ပြန်လည်ဖြတ်သန်းနိုင်ရေး ဆောင်ရွက်ခွင့်ပြုပေးပြီး ဖြစ်ပါသည်။

လမ်းပိုင်းပြန်လည်ကောင်းမွန်သွား၍ ပို့ကုန်ပစ္စည်းများမှ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်း ပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့်ငရုတ်မှာ ချိန်ကိုက်ပျက်စီးမှုမရှိပဲ တစ်ဖက်နိုင်ငံသို့ လွယ်ကူချောမွေ့စွာတင်ပို့နိုင်ရေး ဦးစားပေးဆောင်ရွက်နိုင်ခဲ့ပါသည်။ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့သည့် ပြောင်းသီးနှံကိုလည်း သတ်မှတ်ရက်အတိုင်း အချိန်မီတင်ပို့နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်တွင်းလိုအပ်မှုရှိနေသည့် သွင်းကုန်ပစ္စည်းများဖြစ်သည့် ဓါတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ CMP ကုန်ကြမ်းပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း ပို့ကုန်ယာဉ် ၁၄၅၇ စီး၊ တန်ဖိုး ၁၅.၂၁၉ ဒေါ်လာသန်း၊ သွင်းကုန်ယာဉ် ၂၃၂၇ စီး၊ တန်ဖိုး ၄၀.၀၂၃ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၃၇၈၄ စီး၊ တန်ဖိုး ၅၅.၂၄၂ ဒေါ်လာသန်းကို ကုန်သွယ်မှုပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြဝတီလမ်းပိုင်းသည် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကုန်စည်ကူးသန်းနေသည့် လမ်းပိုင်းဖြစ်သည့် အပြင် ဒေသတွင်းကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့အတွက် အရေးပါသည့်လမ်းပိုင်းဖြစ်၍ သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများမှ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း သတင်းရရှိပါသည်။

**Source: မြဝတီကုန်သွယ်ရေးဇုန်**

https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## မြန်မာ့သကြား ဘင်္ဂလားဒေ့ရှ်ဝယ်ယူလို



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်တွင်းဝယ်လိုအားဖြည့်တင်းရန် မြန်မာနိုင်ငံမှ သကြားတင်သွင်းခြင်းကို ရန်ကုန်ရှိ ဘင်္ဂလားဒေ့ရှ်မစ်ရှင်က အကြံပြုထားသည်။

ဘင်္ဂလားဒေ့ရှ်မစ်ရှင်သည် မြန်မာသကြား ဝယ်ယူရန်အတွက် လိုအပ်သောအဆင့်များ လုပ်ဆောင်ရန် ဘင်္ဂလားဒေ့ရှ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို မကြာသေးမီက တောင်းဆိုခဲ့သည်။

အိမ်နီးချင်း မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် သကြား အစားထိုးတင်သွင်းသည့် အရင်းအမြစ်ဖြစ်လာမည်ဟု ၎င်းကယုံကြည်သည်။

မြန်မာနိုင်ငံသည် နှစ်စဉ်သကြားပမာဏ အနည်းငယ်သာထွက်ရှိသည်။ သို့သော် ပြည်တွင်းဝယ်လိုအား ဖြည့်တင်းပြီးသည့်အခါ သကြားပိုလျှံသည်။ ပိုလျှံသည့်သကြားကို ဗီယက်နမ်နှင့်ဖိလစ်ပိုင်တို့ထံ တင်ပို့သည်။

ဩဂုတ် ၈ ရက်က ဘင်္ဂလားဒေ့ရှ်မစ်ရှင်နှင့် မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း Myanmar Sugar and Cane Related Products Association (MSCA) တို့အကြား တွေ့ဆုံဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အစိုးရချင်း government-to-government (G2G)၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်း government-to-government (G2B) နှင့် စီးပွားရေးလုပ်ငန်းအချင်းချင်းbusiness-to-business (B2B) အရောင်းအဝယ်များ အပါအဝင် ဖြစ်နိုင်ချေရှိသော သွင်းကုန်သဘောတူညီချက်များကို ဆွေးနွေးခဲ့သည်။

MSCA သည် မြန်မာနိုင်ငံမှတင်ပို့နိုင်သော သကြားလက်ကျန်များရှိနေသဖြင့် ဘင်္ဂလားဒေ့ရှ်သို့ သကြားတင်ပို့ရန် စိတ်ဝင်စားမှုရှိသည်။ ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုကော်ပိုရေးရှင်း Trading Corporation of Bangladesh(TCB) နှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးလိုသည်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပါက ဘင်္ဂလားဒေ့ရှ်သို့ သကြားတင်ပို့ခြင်းသည် ပိုကောင်းမွန်လိမ့်မည်ဟု အသင်းကယူဆသည်။

ဘင်္ဂလားဒေ့ရှ်သည် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှသကြားများကို အဓိကတင်သွင်းသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိအချိန်မှာ သကြားဈေးက လက်လီဈေးကွက်မှာ မြင့်မားနေသည်။ အစိုးရသတ်မှတ်ဈေးထက် ပိုပေးပြီး ဝယ်ယူကြရသည်။ TCB ၏ အဆိုအရ သကြားလက်လီဈေးနှုန်းသည် တစ်ကီလိုလျှင် တာကာ ၁၂၈-၁၃၅ ရှိသည်။

နှစ်စဉ် ပြည်တွင်းသန့်စင်ပြီးသကြား လိုအပ်ချက်အတွက် နှစ်စဉ် သကြားကုန်ကြမ်းတန်ချိန် ၂ ဒသမ ၀ - ၂ ဒသမ ၂ သန်း တင်သွင်းနေသည်။ ပျမ်းမျှအားဖြင့် တစ်လလျှင် သကြားတန်ချိန် ၀.၁၅ သန်း လိုအပ်သည်။ ရမ်ဇာန်လမြတ် ဘာသာရေးကာလတိုင်းတွင် သကြားဝယ်လိုအား တန်ချိန် ၀.၃ သန်းရှိသည်။

**Source :finicialexpress**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/6804-sugar.html

## ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် မျှော်မှန်းထားသည့်အတိုင်း တန်ချိန် ၈ သန်းထိ ရောက်ရှိနိုင်

ယခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့အထိ ဆန်၏တန်ချိန် ၅.၂၉ သန်း တင်ပို့ခဲ့ပြီးဖြစ်သဖြင့် ယခုနှစ်အတွင်း ဆန်တင်ပို့ရန် မျှော်မှန်းထားသည့် တန်ချိန် ၈ သန်းထိ တင်ပို့နိုင်လိမ့်မည်ဖြစ်ကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် မိုးခေါင်မှုအပေါ်စိုးရိမ်မှုများ၊ အိန္ဒိယနိုင်ငံ၏ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခြင်းများ၊ တရုတ်၏ ဆန်ထုတ်လုပ်မှုလျော့ချခြင်းနှင့် နိုင်ငံအများအပြား၏ အစားအစာလုံခြုံမှုအပေါ် စိတ်အားထက်သန်လာမှုများကြောင့် ဆန်တင်ပို့နိုင်မှု မြင့်တက်လာပါကြောင်း ပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Ronnarong Phoolpipat က ပြောကြားခဲ့ပါသည်။

နိုင်ငံအများစုက ထိုင်းဆန်အပေါ် ဝယ်လိုအားမြင့်တက်လာမှုကြောင့် ပို့ကုန်လည်းတိုးမြင့်လာနိုင်ကြောင်း၊ အထူးသဖြင့် ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့်ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ထိုင်းဆန်ဝယ်ယူရန် နောက်ဆုံး ဆက်သွယ်လာသည့်နိုင်ငံဖြစ်ကြောင်း၊ ဝယ်ယူရေးဆိုင်ရာ ညှိနှိုင်းမှုကို စက်တင်ဘာလတွင် အပြီးသတ်သွားမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံများသို့ မကြာသေးမီက သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ထိုင်းနိုင်ငံသည် လုံလောက်သော ဆန်ထောက်ပံ့နိုင်မှုနှင့် ပို့ကုန်လုပ်ငန်းစဉ်များအပါအဝင် စိတ်ချရသော ဆန်တင်ပို့သူဖြစ်ကြောင်း ဌာနအနေဖြင့် ထပ်လောင်းဆွေးနွေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခြင်းသည် ထိုင်းဆန်တင်ပို့မှုအပေါ် သက်ရောက်မှုမရှိပါကြောင်း၊ မည်သူမဆို ထိုင်းနိုင်ငံမှ ဆန်ကို ပုံမှန်အတိုင်းဝယ်ယူနိုင်ပါကြောင်း၊ အိန္ဒိယ၏ပိတ်ပင်မှုကြောင့် ကမ္ဘာ့ဆန်ဈေးကွက်နှင့် ဈေးနှုန်းအပေါ် သက်ရောက်မှုရှိသော်လည်း အိန္ဒိယနိုင်ငံအတွင်းတွင် ဆန်ပြတ်လပ်မှုမရှိပါကြောင်း၊ အစားအစာလုံခြုံမှုအတွက် အိန္ဒိယဆန်ဝယ်ယူလိုသူများ၏ တင်ပို့မှုပါမစ်များကို အိန္ဒိယမှခွင့်ပြုပေးလျက်ရှိကြောင်း၊ မကြာသေးမီက စင်ကာပူနိုင်ငံ၏ ဆန်ဖြူတန်ချိန် ၁၁၀,၀၀၀ ဝယ်ယူခွင့်ကို အိန္ဒိယအစိုးရက ဩဂုတ်လ ၂၉ ရက်နေ့တွင် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ဘူတန်နိုင်ငံ၏ တောင်းဆိုမှု ဆန်တန်ချိန် ၉၀,၀၀၀ အနက် တန်ချိန် ၇၉,၀၀၀၊ မောရစ်သျှ (Mauritius) နိုင်ငံ၏ တောင်းဆိုမှု ဆန်တန်ချိန်

၁၄,၀၀၀ တို့ကို အသီးသီး ခွင့်ပြုပေးခဲ့ကြောင်း Mr. Ronnarong က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ထိုင်းဆန်ကို နိုင်ငံအများအပြား စိတ်ဝင်စားလာသည့်အတွက် ပို့ကုန်တိုးမြင့်လာနိုင်သည့် အခွင့်အလမ်းများဖြစ်ကြောင်း၊ ဈေးနှုန်းလည်း မြင့်တက်နေကြောင်း၊ ၅ ရာခိုင်နှုန်း ဆန်ဖြူအမျိုးအစားသည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၀ ပေါက်ဈေးရှိပါကြောင်း Mr. Ronnarong က ပြောကြားခဲ့ပါသည်။

**Source:** www.bangkokpost. gov

**ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Naypyitawstp_040920231100

## မြန်မာနိုင်ငံမှထွက်ရှိသည့် ထောပတ်သီးများကို ဘာရိန်းနိုင်ငံမှဝယ်ယူရန် Hybrid စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံမှထွက်ရှိသည့် ထောပတ်သီးများကို ဘာရိန်းနိုင်ငံမှဝယ်ယူရန်အတွက် အိန္ဒိယအခြေစိုက် Riyara ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MAVO)မှ တာရှိသူများ၊ အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့ မြန်မာစီးပွားရေးသံမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (နေပြည်တော်)နှင့် ရှမ်းပြည်နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် ၃၁.၈.၂၀၂၃ ရက်နေ့တွင် Hybrid ဖြင့် စီးပွားရေးတွေ့ဆုံဆွေးနွေးမှုကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှထောပတ်သီးများကို ပြည်ပဈေးကွက်ရရှိပြီး ပိုမိုတိုးချဲ့တင်ပို့နိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ဘာရိန်းနိုင်ငံ Riyara ကုမ္ပဏီမှ ၎င်းတို့နိုင်ငံအတွင်းရှိ လက်လီအရောင်းဆိုင်များ၌ ရောင်းချလို၍ မြန်မာနိုင်ငံမှ ထောပတ်သီးများကို ဝယ်ယူတင်သွင်းရန် စိတ်ဝင်စားပြီး တင်သွင်းနိုင်ရန်အတွက် ထုတ်လုပ်မှုပမာဏ၊ အရည်အသွေး၊ အသိအမှတ်ပြုလက်မှတ်များ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းနှင့် ထုတ်ကုန်သက်တမ်း(Shelf Life) အခြေအနေများကို မေးမြန်းကြပြီး မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MAVO)မှ တာဝန်ရှိသူများက Global GAP လက်မှတ်ရရှိထားသည့် ထောပတ်ခြံများ၊ အရည်အသွေးစစ်ဆေးထားသည့် ထောက်ခံ\ချက်များ၊ တင်ပို့နိုင်မည့် ပမာဏများနှင့် လက်ရှိတင်ပို့နေသည့် ဈေးကွက်အခြေအနေတို့ကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုအရ လာမယ့်အောက်တိုဘာလလယ်တွင် ထောပတ်သီးနှင့်ထောပတ်သီးအဆီ နမူနာများကိုပေးပို့သွားမှာဖြစ်ပြီး လိုအပ်သည်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့ မြန်မာစီးပွားရေးသံမှူးတို့မှ ဆက်လက်ကူညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်းသိရသည်။

**Source:** https://myantrade.gov.mm/article/Taunggyi_2023.9.3.11:49%20AM

## ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာ့ကြက်သွန်နီ တန်ချိန် ၂၀၀ ဝယ်ယူမည်




ဘင်္ဂလားဒေ့ရှ်အစိုးရက ကြက်သွန်နီတန်ချိန် (၂၀၀) ကို မြန်မာနိုင်ငံကနေ ဝယ်ယူတင်သွင်းဖို့ ခွင့်ပြုပေးလိုက်တယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနကပြောပါတယ်။ အစိုးရက တင်သွင်းခွင့်ပြုတဲ့ ကြက်သွန်နီတန်ချိန် (၂၁,၅၈၀) ထဲက မြန်မာနိုင်ငံအနေနဲ့ ခွဲတမ်းအဖြစ် တန်ချိန် (၂၀၀) တင်ပို့ခွင့် ရရှိခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဘက်က ကြက်သွန်နီတင်ပို့မှုအပေါ် အခွန် (၄၀) ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမှုကြောင့် ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းတွေ မြင့်တက်လာခဲ့ပြီးနောက် ယခုလို မြန်မာအပါအဝင် နိုင်ငံ (၉) ခုကနေ တင်သွင်းမယ့်ဆုံးဖြတ်ချက် ထွက်ပေါ်ခဲ့တာပါ။ မြန်မာနိုင်ငံကလည်း ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံတွေထံ ကြက်သွန်နီတန်ချိန် (၁) သိန်းကျော်အထိ တိုးမြှင့်တင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ကြက်သွန်နီဈေးက တစ်ပိဿာကို အမြင့်ဆုံး ကျပ် (၃၅၀၀) အထိ ဈေးရနေပြီး ဇူလိုင်လဆန်းဈေးနှုန်းထက် တစ်ပိဿာ ကျပ် (၁၃၀၀) ကျော်အထိ မြင့်တက်လာပါတယ်။ စီးပွားရေးနှင့်ကူးသန်း

ရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းများအရ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပဈေးကွက်ထံ ကြက်သွန်နီတန်ချိန် (၉၄၀၀၀) ခန့် တင်ပို့နိုင်ခဲ့ပြီး အဲ့ဒီကနေ အမေရိကန်ဒေါ်လာ (၄၁) သန်းကျော် ရရှိထားပါတယ်။

မြန်မာ့ကြက်သွန်နီ အဓိကဝယ်ယူနေတဲ့ ဖောက်သည်နိုင်ငံတွေထဲမှာ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ စင်ကာပူနဲ့အမေရိကန်နိုင်ငံတွေ ပါဝင်နေပါတယ်။ မြန်မာနိုင်ငံတစ်ဝှမ်းမှာ ကြက်သွန်စိုက်ဧက (၁၇၀၀၀၀) ကျော်ရှိပြီး ထုတ်လုပ်မှုတန်ချိန် (၁) သန်းခန့်ရှိကြောင်း သိရှိရပါသည်။

**Source:** https://t.me/htwettoe

## ကနေဒါသည် အိန္ဒိယနှင့်ကုန်သွယ်ရေးသဘောတူညီချက်ပြုလုပ်ရန်ကိစ္စကို ခေတ္တရပ်နားထားမည်၊ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်ဖြစ်ဟုဆို

ကနေဒါနိုင်ငံသည် ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံနှင့်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ကနဦးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ရည်ရွယ်ခဲ့ပြီးနောက် သုံးလအကြာတွင် အိန္ဒိယနှင့်အဆိုပြုထားသော အဆိုပါကုန်သွယ်ရေး သဘောတူစာချုပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ခေတ္တရပ်နားထားလိုက်ပြီဖြစ်ကြောင်း ယခုလ (၁) ရက်နေ့က မထင်မှတ်ဘဲ ထုတ်ဖော်ပြောကြားခဲ့သည်။

"ကုန်သွယ်ရေး ညှိနှိုင်းမှုတွေဟာ ရှည်လျားပြီး ရှုပ်ထွေးတဲ့လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဘယ်နေရာအထိ ရောက်ရှိနေပြီလဲဆိုတာသုံးသပ်ဖို့ ခေတ္တရပ်နားထားပါတယ်" ဟု ကနေဒါဝန်ကြီးချုပ် Justin Trudeau ၏ လာမည့် သီတင်းပတ်အတွင်း နယူးဒေလီသို့ လာရောက်မည့်ခရီးစဉ်မတိုင်မီ ကနေဒါအစိုးရအရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားခဲ့သည်။ အဆိုပါအမည်မဖော်လိုသည့် တာဝန်ရှိသူက အသေးစိတ်အချက်အလက်များကိုမူ ပြောကြားရန်ငြင်းဆိုခဲ့သည်။ ကနေဒါနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ မဟာမင်းကြီး Sanjay Kumar Verma ကလည်း အိုတာဝါ (Ottawa) အနေဖြင့် ပြီးခဲ့သည့်လအတွင်း ယင်းသို့ ကုန်သွယ်ရေးဆွေးနွေးမှုကို ခေတ္တရပ်နားရန် ကြိုးပမ်းခဲ့သော်လည်း အကြောင်းရင်းကိုမူ ရှင်းလင်းပြောကြားခဲ့ခြင်းမရှိဟု အတည်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ယန္တရားစနစ်တစ်ခုအား ချမှတ်ဆောင်ရွက်စဉ် ကုန်သွယ်မှုတိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန် ယခုနှစ်တွင် ကနဦး သဘောတူညီချက်တစ်ရပ်ကို အတည်ပြုရန် ရည်ရွယ်ထားကြောင်း ပြီးခဲ့သည့်မေလက ပြောကြားခဲ့ခြင်းဖြစ်သည်။ နယူးဒေလီသည် လာမည့် သီတင်းပတ်အတွင်း ကျင်းပရန်ရှိသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ တွဲလျက်ဆွေးနွေးပွဲများတွင် ကနေဒါနိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့် နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်မှုကိစ္စရပ်များကိုဆွေးနွေးရန် စီစဉ်ထားကြောင်း ဩဂုတ်လက အိန္ဒိယထိပ်တန်း ကုန်သွယ်ရေး အရာရှိတစ်ဦးကပြောကြားခဲ့သည်။ ကနေဒါဝန်ကြီးချုပ် Trudeau သည် အဆိုပါအစည်းအဝေးသို့ တက်ရောက်သွားမည်ဖြစ်သည်။

ကနေဒါနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် ငါးနှစ်ကြာ ဆိုင်းငံ့ထားခဲ့သော နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၂၂ ခုနှစ် မတ်လတွင် ပြန်လည်စတင်ခဲ့သည်။ အိန္ဒိယ-ကနေဒါ အစောပိုင်းတိုးတက်မှု ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက် (India-Canada Early Progress Trade Agreement, EPTA) ခေါ် စာချုပ်သည် ကုန်စည်၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှု၊ မူလစည်းမျဉ်းများ၊ သန့်ရှင်းရေးနှင့် ဇီဝရုပ်ကြွင်းဆိုင်ရာ အစီအမံများ၊ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများနှင့် အငြင်းပွားမှုဖြေရှင်းရေးတို့ကို အကျုံးဝင်စေမည့် စာချုပ်တစ်ခုဖြစ်သည်။

အဆိုပါ အိန္ဒိယ-ကနေဒါ အစောပိုင်းတိုးတက်မှု ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုကို ခေတ္တရပ်နားထားသည်ဟု ကနေဒါဘက်မှ ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်း EPTA သည် ဘက်စုံလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်၏ ရှေ့ပြေးနိမိတ်တစ်ခုဖြစ်သည်။ အိန္ဒိယ-ကနေဒါ နှစ်နိုင်ငံကုန်စည်ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံအထိရောက်ရှိခဲ့ပြီး ၂၀၂၁ နှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်။ အနာဂတ်တွင် တိုးတက်လာဖွယ်ရှိသည့်ကဏ္ဍများမှာ အခြေခံအဆောက်အအုံကဏ္ဍ၊ သက်ရှိသိပ္ပံပညာ၊ သန့်ရှင်းသော စွမ်းအင်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ဓါတ်သတ္တုကဏ္ဍနှင့် သဘာဝအရင်းအမြစ်ကဏ္ဍတို့ဖြစ်ကြောင်း သိရသည်။

“ဒါက ကျွန်တော်တို့ နှစ်နိုင်ငံစလုံးရဲ့ တိုးတက်မှုနဲ့ နောက်ထပ်ခြေလှမ်းတွေကို လှမ်းနိုင်စေမှာပါ”၊ စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်စတင်မည့်အချိန်တွင် နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အဆိုပါကိစ္စနှင့်ရင်းနှီးသော အိန္ဒိယအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ရင်းမြစ်များ၏ အဆိုအရ နှစ်ဖက်စလုံးသည် ပင်ရင်းဒေသစည်းမျဉ်းများနှင့် အခွန်အကောက်များဆိုင်ရာ ကိစ္စရပ်များကဲ့သို့ ကိစ္စရပ်များအတွက် ညှိနှိုင်းမှုမရရှိသေးဟုသိရသည်။ “အာဆီယံပြီးလျှင် အိန္ဒိယဟာ ရှင်းရှင်းလင်းလင်းနဲ့ တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းတွေရှိဖို့ စိတ်အားထက်သန်နေပြီး နိုင်ငံတော်တော်များများက အဲဒီအတွက် စိုးရိမ်မှုတွေရှိနေပါတယ်”ဟု ကုန်သွယ်ရေးကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကနေဒါနိုင်ငံအပြင် ယူကေ၊ အီးယူတို့နှင့် ကုန်သွယ်ရေးဆိုင်ရာသဘောတူညီမှုများရရှိရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဩစတြေးလျနိုင်ငံနှင့်သဘောတူခဲ့သော အစောပိုင်းရိတ်သိမ်းမှု ကုန်သွယ်ရေးသဘောတူညီချက် (Early harvest trade pact) ကို ပိုမိုကြီးမားသော လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက် (FTA) အဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

ကနေဒါနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံမှု သဘောတူညီချက် (CEPA) ကို ၂၀၁၀ ခုနှစ်ကတည်းက ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး၊ ညှိနှိုင်းမှုများ အတန်ကြာရပ်ဆိုင်းသွားပြီးနောက် ပြီးခဲ့သောနှစ်က ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ဆွေးနွေးမှုများကို CEPA ၏ ရှေ့ပြေးနိမိတ်အဖြစ် ရည်ရွယ်ထားသည့် အစောပိုင်းတိုးတက်မှုကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ် (EPTA) ကို ဗဟိုပြုထားသည်။ သို့သော် နှစ်နိုင်ငံအကျိုးစီးပွားနှင့်ပတ်သက်၍ ဘုံသဘောတူညီချက်ရရှိရန်ခက်ခဲလျက်ရှိသောအပိုင်းများ ကျန်ရှိနေသည်ဟု ယူဆရပါသည်။ ထို့ကြောင့် ကနေဒါဖက်မှ အချိန်ယူ၍ ပြန်လည်သုံးသပ်မှုများပြုလုပ်ရန် စဉ်းစားလျက် အဆိုပါဆွေးနွေးမှုများကို ခေတ္တရပ်ဆိုင်းခဲ့ဟန်တူပါသည်။ သို့သော် မကြာမီကာလအတွင်း ကျင်းပရန်ရှိနေသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပွဲနှင့်တွဲလျက် အစည်းအဝေးများတွင် ၎င်းတို့နှစ်နိုင်ငံအကြား မည်သို့ဆွေးနွေးညှိနှိုင်းရရှိမည်ကိုမူ ဆက်လက်စောင့်ကြည့်သွားရန်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

Source: Economic Times သတင်းဌာန၊ “Canada pauses trade pact talks with India:Government official”၊

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်။

Reuters သတင်းဌာန၊ “In surprise move, Canada pauses talks on trade treaty with India”၊

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်။

ကောင်းထွဋ်အောင်

စီးပွားရေးသံမှူး

မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့

## STOCK EXCHANGE (5.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,349 (Shares) | 13,098,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | +0 | +0.00% | 9,400 | 9,400 | 9,200 | 306 | 2,870,200 | 33,109,694 | 307,920 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,100 | 1,517 | 4,703,550 | 38,929,150 | 122,627 |
| MCB | 00003 | 8,000 | +0 | +0.00% | 7,900 | 8,000 | 7,900 | 330 | 2,607,200 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,750 | 1,700 | 615 | 1,048,250 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +50 | +2.13% | 2,400 | 2,400 | 2,400 | 2 | 4,800 | 12,823,224 | 30,776 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 0 | 0 | 19,977,223 | 45,948 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 4,900 | 4,800 | 274 | 1,315,500 | 10,497,598 | 50,389 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 305 | 549,250 | 23,804,946 | 44,039 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary


As of 5th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.85 | +0.41 | +0.11% | 391.53 | 391.53 | 386.44 | 3,349 | 13,098,750 | 8 | 735,337 |

**Index chart**





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever moc Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 3,349 (Shares) | 13,098,750 (MMK) |

## Main Board

As of 1:00 pm, 5th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,349 (Shares) | 13,098,750 (MMK) |

**MYANPIX** 389.85 ▲ 0.41

| | |
|---|---|
| Total Volume (shares) | 3,349 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 735,337 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 50 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |